# ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်း
# လယ်ယာ၊ နယ်မြေနှင့် သဘာဝသယံဇာတပိုင်ဆိုင်ခွင့်များ

*"ကျွန်ုပ်တို့နေထိုင်သောနယ်မြေများသည် ဖန်ဆင်းရှင်ကပေးသည့် သဘာဝဆုလာဒ်ဖြစ်ပြီး နောက်လာမည့်မျိုးဆက်သစ်တို့အတွက် အမွေ အနှစ်တစ်ခုလည်းဖြစ်သည်။ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်နေရာချထားရေးအစီအစဉ်များသည် မည်မျှပင်ကောင်းစေကာမူ ၎င်း ဆုလာဒ်များကို အစားထိုးမရနိုင်ပါ။"*

- **Mapithel Dam** ရေကာတာကြောင့် ထိခိုက်ခံနစ်နာရသော နာဂရွာသား (အိ□ယအရှေ့မြောက်ပြည်နယ်)


Forest rituals of Karen community in northern Thailand

ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိရိုးဖလာယာဉ်ကျေးမှုအရ မိမိတို့နှင့်သက်ဆိုင်သော လယ်၊ မြေ၊ ရေ၊ မြစ်၊ ချောင်း၊ အင်းအိုင်များနှင့်သဘာဝသယံဇာတပစ္စည်းများကို ထိမ်းသိမ်းကာကွယ်ပိုင်ခွင့်နှင့် ၎င်းတို့၏မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းလွှဲပြောင်းပေးပိုင်ခွင့်ရှိသည်။
(အပိုဒ် ၂၅)


Land titling among the Buhid Mangyan of Mindoro Island, Philippines

ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ရိုးရာယာဉ်ကျေးမှုအရ ပိုင်ဆိုင်လာခဲ့သောလယ်ယာမြေများနှင့်သဘာဝသံယာဇာတပစ္စည်းများကို ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖွံ့ဖြိုးလာအောင်ပြုလုပ်ပိုင်ခွင့်နှင့် ထိမ်းသိမ်းစောင့်ရှောက်ပိုင်ခွင့်များရှိသည်။ နိုင်ငံတော်အစိုးရများသည် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သော လယ်ယာမြေများနှင့် သဘာဝသယံဇာတပစ္စည်းများကို ၎င်းတို့၏ထုံးဓမ်းစဉ်လာ၊ ရိုးရာယာဉ်ကျေးမှုများနှင့် အညီ တရားဥပဒေအရ လက်ခံအသိအမှတ်ပြုပြီး အကာအကွယ်ပေးထားရမည်။ ယင်းကဲ့သို့ အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်းတို့သည်လည်း ဌာနေတိုင်းရင်းသားလူမျိုးများ အပြည့်အဝပူးပေါင်းပါဝင်သော ပွင့်လင်း၍ထင်သာမြင်သာရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ဖြစ်စေရမည်။
(အပိုဒ် ၂၆၊ ၂၇)


Processing site of open-pit gold mining in Itogon, Cordillera region, Philippines

ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏လယ်၊ မြေနှင့်သဘာဝသံယာဇာတပစ္စည်းကို ထိမ်းသိမ်းစောင့်ရှောက်ပိုင်ခွင့်နှင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။ ဌာနေတိုင်းရင်းသားလူမျိုးများ၏ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံတော်အစိုးရများ အနေဖြင့် စီမံကိန်းများချမှတ်၍ ကူညီလုပ်ဆောင်ပေးရမည်။ ဌာနေတိုင်းရင်းသားလူမျိုးများအား ကြိုတင်အသိပေးအကြောင်းကြားခြင်းနှင့် သဘောတားဆ□မပါဘဲ ၎င်းတို့ပိုင်ဆိုင်သော နယ်မြေများတွင် အန္တရာယ်ဖြစ်စေနိုင်သော ဓါတ်သတ္တုများသိုလှောင်ထားခြင်းမရှိစေရန် နိုင်ငံ တော်အစိုးရများအနေဖြင့် ထိရောက်သောလုပ်ငန်းယန္တရားများဖြင့် တာဝန်ယူဆောင်ရွက် ပေးရမည်။

ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် ထိုကဲ့သို့အန္တရာယ်ဖြစ်စေနိုင်သောဓါတ်သတ္တုပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါက နိုင်ငံတော်အစိုးရများအနေဖြင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များထားရှိပြီး၊ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များကိုလည်း ထိရောက်စွာ တာဝန်ယူဆောင်ရွက်ပေးရမည်။
(အပိုဒ် ၂၉)


Forest clearing in Yeav village of Kratie province, Cambodia for rubber concession

ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏လယ်ယာမြေများနှင့် သဘာဝသယံဇာတပစ္စည်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ နိုင်ငံတော်အစိုးရများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သော လယ်ယာမြေများနှင့် သဘာဝသယံဇာတပစ္စည်းများကို နိုင်ငံ၏ဖွံ့ဖြိုးရေး စီမံကိန်းများလုပ်ဆောင်လိုပါက ဌာနေတိုင်းရင်းသားလူမျိုးများအား ကြိုတင်အသိပေးအကြောင်းကာ သဘောတူညီမှုများရယူရမည်။ နိုင်ငံတော်အစိုးရများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သောလယ်ယာမြေများပေါ်တွင်ဖွံ့ဖြိုးရေးစီမံကိန်းများလုပ်ဆောင်ခဲ့ပါက ထိရောက်သော လုပ်ငန်းယန္တရားများဖြင့် ဌာနေတိုင်းရင်းသား လူမျိုးများအပေါ် စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရန်နှင့် ၎င်းတို့၏ရိုးရာယာဉ်ကျေးမှုများအပေါ် ဆိုးကျိုးသက်ရောက်မှုများမရှိစေရန် တာဝန်ယူကာကွယ်ပေးရမည်။
(အပိုဒ် ၃၂)


Militarized area of Chittagong Hill Tracts, Bangladesh

ဌာနေတိုင်းရင်းသားလူမျိုးများမှမတောင်းဆိုပဲ (သို့) ဌာနေတိုင်းရင်းသားလူမျိုးများအား ကြိုတင်အသိပေးအကြောင်းကြားခြင်းနှင့် သဘောတူညီချက်များမရရှိဘဲ ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သော နယ်မြေများပေါ်တွင် မည်ကဲ့သို့စစ်လှုပ်ရှားမှုမျှ မပြုလုပ်ရ။
(အပိုဒ် ၃၀)


An aerial view of palm oil plantation in Malaysia

ဌာနေတိုင်းရင်းသားလူမျိုးများ၏လယ်ယာ၊ နယ်မြေနှင့်သယံဇာတများအား သိမ်းယူခြင်းနှင့် ၎င်းတို့၏ယဉ်ကျေးမှုကို အခြားယဉ်ကျေးမှုနှင့်အတင်းအဓမ္မရောနှောခြင်း (သို့မဟုတ်) ဖျက်လိုဖျက်ဆီးခြင်းမပြုလုပ်နိုင်အောင် နိုင်ငံတော်အစိုးရများအနေဖြင့် ထိရောက်သောလုပ်ငန်းယန္တရားများနှင့် ဥပဒေများပြဌာန်းပေးထားရမည်။ ကြိုတင်အသိပေးအကြောင်းကြားခြင်းနှင့် သဘောတူညီမှုမရှိဘဲ ဌာနေတိုင်းရင်းသားလူမျိုးများအား ၎င်းတို့၏နယ်မြေများမှ အတင်းအဓမ္မပြောင်းရွှေ့စေခြင်းမပြုလုပ်ရ။

လယ်မြေများ၊ နယ်မြေများနှင့် သယံဇာတများသိမ်းဆည်းခံရပါက ဌာနေတိုင်းရင်းသားလူမျိုးများသည် သိမ်းယူသွားသောပစ္စည်းများ၏တန်ဖိုးနှင့် ထိုက်သင့်သောလျော်ကြေးများတောင်းယူပိုင်ခွင့်နှင့် ရရှိခံစားပိုင်ခွင့်ရှိသည်။ လျော်ကြေးအတွက်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း ဌာနေတိုင်းရင်းသားလူမျိုးများ၏အပြည့်အဝပူးပေါင်းပါဝင်ခြင်းဖြင့်သာ ဖြစ်စေရမည်။
(အပိုဒ် ၈၊ ၁၀၊ ၂၈)



**Produced by:**

*Asia Indigenous Peoples Pact (AIPP)*
*108 Moo 5, Tambon Sanpranate, Amphur Sansai*
*Chiang Mai 50210 Thailand*
*www.aippnet.org*

*Nationalities Youth Forum*
*P.O. Box 104, Chiang Mai University Post Office*
*Chiang Mai 50202 Thailand*
*www.nyforumburma.org*

*Background pictures:*
*A Buhid Mangyan boy from Mindoro Island, Philippines*
*Banaue rice terraces in Ifugao, Cordillera region of the Phillipines*

*Photo credits: Christian E. Erni, AIPP Archives*